# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 24, 2024 | Volume 82, Number 16


၂၄.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၇.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၄.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၈၁ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှထွက်ရှိသည့် အရည်အသွေး ကောင်းသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းနေခြင်းဖြစ်သည်။

“ တခြားဒေသတွေကနေတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးကို ကြက်သွန်နီတင်ပို့ တာ နည်းပါတယ်။ ရှမ်းပြည်နယ်ကနေတော့ ကြက်သွန်နီ ပုံမှန်ဝင်ရောက်မှုရှိပါတယ်။ လက်ရှိမှာ ကြက်သွန်နီဈေးနှုန်းကလည်း သင့်တင့်တဲ့အနေအထားမှာရှိလို့ ဝယ်လိုအားများပြီး ပိသာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု ပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေခြင်းနှင့် ကြက်သွန်နီပုံမှန် ဝင်ရောက်မှုရှိနေခြင်းကြောင့် ကြက်သွန်နီရောင်းဝယ်ရေး လုပ်ကိုင်သူများသာမက ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများပါ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ယခုဘဏ္ဍာနှစ် ငါးလတာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၆၀၀ ကျော်တင်ပို့နိုင်



ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခု ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၆၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

" ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၂၆၀၅ ဒသမ ၉၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉ဒသမ ၅၈၁ သန်းရရှိခဲ့ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၂၁၄၁ ဒသမ ၃၈၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၅ သန်းရရှိကာ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၄၆၄ ဒသမ၅၄တန်တင်ပို့ပြီးအမေရိကန်ဒေါ်လာ၂ဒသမ၆၂၆ သန်းရရှိသဖြင့် စုစုပေါင်း ပုစွန်မက်ထရစ်တန် ၂၆၀၅ ဒသမ ၉၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၈၁ သန်း ရရှိခဲ့ သည်။

ပြည်တွင်းမှထွက်ရှိသည့် ငါး၊ ပုစွန် စသည့် ရေထွက်ကုန်များကို ပြည်ပနိုင်ငံပေါင်း ၄၀ ကျော် သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၉-၂၀၂၄ မှ ၂၀-၉-၂၀၂၄ ရက်အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန် ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၉၀၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၃၁၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၇၅၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၈၃,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၅၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop) ကျပ် ၁၂၅,၀၀၀အသီးသီးဈေးမြင့်တက်ခဲ့သည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ဂေရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ဂေရုတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲဂေရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀၊ ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဂေရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ဂေရုတ်ရှည် အိတ်ပေါင်း ၇၀၀ (၁၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ဂေရုတ်ရှည် အိတ်ပေါင်း ၇၀၀ (၁၄,၀၀၀ ပိဿာ) နှင့် ဂေရုတ်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ဂေရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး တစ်ပိဿာ ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်)ကျပ်၆၈၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းအသား (သစ်) ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြားတစ်ပိဿာ ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၆၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၀၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၄၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၂၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၉-၂၀၂၄ မှ ၂၀-၉-၂၀၂၄ ရက်အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၆၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၂၆၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၁၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး မြင်းခြံလတ်ကြီးနှင့် မြင်းခြံလတ်သန့်မှာ ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၁ စီး(၇၂၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ် တွင် ကားစီးရေ ၁၁၀ စီး (၆၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၁ စီး (၆၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာ ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၈,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀,၀၀၀ အောင်ပန်းထူး- ၃ ကျပ် ၁၁,၂၀၀၊ အောင်ပန်းထူး- ၄ ကျပ် ၁၁,၈၀၀ နှင့် အောင်ပန်းထူး- ၅ ကျပ် ၁၂,၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး- ၂ ကျပ် ၃၀၀၊ အောင်ပန်းထူး- ၄ ကျပ် ၇၀၀ နှင့် အောင်ပန်းထူး- ၅ ကျပ် ၇၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၁၆၀၀ (၄၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၁၀၀ (၃,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဗီယက်နမ်၏ အရည်အသွေးအကောင်းမွန်ဆုံးသော ဆန် ကနေဒါဈေးကွက်သို့ဝင်ရောက်




ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီဖြစ်သည့် KD Trading သည် ဗီယက်နမ် ၏ ST25 ဆန်ကို ကနေဒါဈေးကွက်သို့ ပို့ဆောင်ပေးမည့် အမိကမိတ်ဖက် ဖြစ်လာကြောင်း သိရသည်။ ST25 ဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ရရှိခဲ့ကြောင်း သိရသည်။ KD Trading ၏ CEO ဖြစ်သူ Kevin Le က ဗီယက်နမ်၏ ST25 ဆန်ကို ကနေဒါသို့ တင်သွင်းရန်အတွက် ကုမ္ပဏီသည် ဆန်၏ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် အလွန်စေ့စပ်စွာ ဈေးကွက်စာရင်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးအကြံပေးပုဂ္ဂိုလ် Tran Thu Quynh က ကုန်သွယ်ရေးရုံးသည် ဗီယက်နမ်ဆန်ထုတ်ကုန်များအား ကနေဒါဈေးကွက်သို့ ယူဆောင်ပေးသည့် ပြည်ပရှိ ဗီယက်နမ်လုပ်ငန်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။ Quynh က ယခင်ကလုပ်ငန်းများသည် သင့်ရုံအရည်အသွေးရှိသော ဆန်များကိုသာ ကနေဒါသို့တင်သွင်းရန် အာရုံစိုက်ခဲ့ကြောင်းပြောကြားခဲ့သည်။ ပြည်ပရှိ ဗီယက်နမ်လူမျိုးများသည် ST25 ကဲ့သိုသော အရည်အသွေးမြင့်မားသော ဆန်များကို ကနေဒါဈေးကွက်သို့ တင်သွင်းရန် အားထုတ်ခဲ့ကြကြောင်းသိရသည်။ကနေဒါသည် ဆန်စားသုံးမှုကြီးမားသော ဈေးကွက် တစ်ခုဖြစ်ပြီး နှစ်စဉ်ဆန်တန်ချိန် ၅၀၀,၀၀၀ တင်သွင်းရန် ဝယ်လိုအားရှိကြောင်းသိရသည်။ ကနေဒါသည် ဆန်အရည်အသွေး အပေါ်တွင် တင်းကြပ်သည့်စံနှုန်းလိုအပ်ချက်များထားရှိကြောင်းသိရသည်။ Quynh ကတင်သွင်းသည့် ဆန်အရည်အသွေး အာမခံချက်အတွက် ကုန်သွယ်ရေးရုံး၊ တင်ပို့သူများ၊ တင်သွင်းသူများနှင့် ဖြန့်ချိရေးသမားများ ပါဝင်သည့် အဖွဲ့ပေါင်းစုံပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။ ယခုနှစ်၏ ပထမနှစ်ဝက်တွင် ကနေဒါသည် အမေရိကန်ဒေါ်လာ ၂၀၇ သန်း တန်ကြေး ရှိသည့် ဆန်များကိုတင်သွင်းခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်သည် ကနေဒါသို့ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း တန်ဖိုးရှိသည့်ဆန်များ တင်ပို့ခဲ့ပြီး ကနေဒါသို့ ထိပ်တန်း ဆန် တင်ပို့သူ ၅ နိုင်ငံထဲတွင် လတ်တလောပါဝင်ကြောင်း သိရသည်။

**Source: Vietnam Plus**

https://www.doca.gov.mm/

## ယခုနှစ်၏ ပထမ ၈ လတွင် ရော်ဘာတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၂၈ သန်းရရှိခဲ့သည့် ကမ္ဘောဒီးယား



ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ကာလအတွင်း ရော်ဘာ ၂၀၉၇၃၃ တန်တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ၃၂၈သန်းရရှိခဲ့ကာ လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၁၅ဒသမ၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ရော်ဘာအထွေထွေညွှန်ကြားရေးဦးစီးဌာန၏ ၁၇-၉-၂၀၂၄ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။စိုက်ပျိုးမွေးမြူရေး၊သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန (MAFF) အောက်ရှိ ရော်ဘာအထွေထွေ ညွှန်ကြားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Khun Kakada က ကမ္ဘောဒီးယား၏ ယခုနှစ်ပထမ ၈ လ တင်ပို့မှုသည် လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၄၅၆၅ တန် မြင့် တက်ခဲ့ကြောင်းနှင့် ရော်ဘာဈေးတစ်တန်တန်ဖိုးမှာ ၁၅၆၅ အမေရိကန် ဒေါ်လာရှိပြီး လွန်ခဲ့

သည့်နှစ်၏ တူညီသည့်ကာလထက် အမေရိကန်ဒေါ်လာ ၁၈၀ မြင့်တက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ဩဂုတ်လတစ်လတည်းတွင် ရော်ဘာတန်ချိန် ၃၅၈၁၈ တန် တင်ပို့ခဲ့ပြီး ဇူလိုင်လထက် ၇ ဒသမ ၆၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘောဒီးယားရော်ဘာအဓိကတင်ပို့သည့်နိုင်ငံများမှာမလေးရှား၊ဗီယက်နမ်၊စင်္ကာပူနှင့်တရုတ်တို့ဖြစ်ကြောင်းသိရသည်။ ကမ္ဘောဒီးယားစိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနသည် Tboung Khmum ပြည်နယ် Chob ကျေးရွာရှိ သက်တမ်း အရင့်ဆုံးရော်ဘာခြံ၏ ဗီဒီယိုကို ၁၆-၉-၂၀၂၄ရက် တွင် ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ထိုသမိုင်းဝင်နေရာသည် Chob ရော်ဘာခြံဟု လူသိများပြီး Kakada က ဦးစီးဌာနရော်ဘာအစီအစဉ်တစ်စိတ်တစ်ပိုင်း၏ ပထမခြေလှမ်းသည် ထိုဒေသကို သင့်လျော်သော အခြေခံအဆောက်အအုံအဖြစ် ပြင်ဆင်ရန်ဖြစ်ကြောင်း သိရသည်။စိုက်ပျိုးမွေးမြူရေးဝန်ကြီး Dith Tina ၏ အကြံပြုချက်အရ Chobကျေးရွာကို ရော်ဘာစိုက်ခင်းအဖြစ် အသွင်ကူးပြောင်းပြီး ကမ္ဘာလှည့်ခရီးသွားများအားထိုနေရာနှင့် ပတ်သက်၍ လေ့လာစရာနေရာအဖြစ် ဆွဲဆောင်မည်ဟု သိရသည်။

**Source: Khmer Times**

https://www.doca.gov.mm/

## အမေရိကန်ဝယ်လက်များအကြား ဗီယက်နမ် ပုစွန်ဝယ်လိုအား မြင့်မားလာ

ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကျဆင်းခြင်း၊ကုန်စည်ပို့ဆောင်မှု မြင့်တက်မှုနှင့် နှစ်ကုန် အားလပ်ရက် နီးကပ်လာမှုတို့ကြောင့် အမေရိကန်ကုမ္ပဏီများသည် ဗီယက်နမ်ပုစွန်ဈေးကွက်မှဝယ်ယူရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဗီယက်နမ်ပင်လယ်စာ တင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ထံမှသိရသည်။

အမေရိကန်မှ တင်သွင်းသူများသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း အထူးသဖြင့် ခြေထောက်ဖြူပုစွန်များ အတွက် အမှာစာများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ဩဂုတ်လတစ်လတည်းတွင်ပင် ဗီယက်နမ်မှ ခြေထောက်ဖြူပုစွန် ၃၃,၀၀၀ မက်ထရစ်တန် ဝယ်ယူခဲ့ပြီး ယခုနှစ်တွင် အမြင့်ဆုံးပမာဏအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း VASEP က ဖော်ပြခဲ့သည်။

ဟော်လိုဝင်း၊ ကျေးဇူးတော်နေ့၊ ခရစ်စမတ်နေ့နှင့် နှစ်သစ်ကူးတို့ပါဝင်သော အားလပ်ရက်ရာသီများအတွင်း ဝယ်လိုအားများလာစေရန်အတွက် အမေရိကန်ကုမ္ပဏီများမှ ယခုနှစ်ဒုတိယနှစ်ဝက်အတွင်းသွင်းကုန်များတိုးမြင့်လာရန် မျှော်လင့်ထားကြောင်း VASEP မှ ဈေးကွက်ကျွမ်းကျင်သူ Kim Thu က ပြောကြားခဲ့သည်။

ကုန်စည်ပို့ဆောင်မှုမြင့်တက်လာခြင်းနှင့်အတူ ယခုနှစ် ကမ္ဘာ့ပုစွန်အထွက်နှုန်းမှာ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားကြသောကြောင့် အမေရိကန်မှ ပုစွန်တင်သွင်းသူများသည် ဗီယက်နမ်မှပုစွန်တင်သွင်းမှု အမှာစာများအား တိုးမြင့်ခဲ့ခြင်းဖြစ်ကြောင်း Kim Thu က ထပ်မံပြောကြားခဲ့သည်။

ပဋိပက္ခဇီဝအကြွင်းအကျန်ပြဿနာများကြားတွင် အီကွေဒေါနှင့် အိန္ဒိယပုစွန်တင်ပို့မှုမှာ ကျဆင်းသွားခဲ့ပြီး ဗီယက်နမ် ခြေထောက်ဖြူပုစွန်များသည် အမေရိကန်တို့အတွက် ထိပ်တန်းရွေးချယ်မှုအဖြစ် တွန်းအားဖြစ်စေခဲ့ ကြောင်းသိရသည်။

VASEP ၏အဆိုအရ ခြေထောက်ဖြူပုစွန်များ၏ ဈေးနှုန်းများသည် ဖေဖော်ဝါရီလတွင် ၁ကီလိုလျှင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဒေါ်လာမှ ၁၀ ဒသမ ၂ ဒေါ်လာအထိ မကြာသေးမီက ဈေးတက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၈ ရာခိုင်နှုန်း ခုန်တက်လာခဲ့သည်။ ခြေထောက်ဖြူပုစွန်တစ်မျိုးတည်းတင်ပို့မှုမှာ ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံထိရှိကြောင်း သိရသည်။

**source:** https://www.doca.gov.mm/

# STOCK EXCHANGE (24.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 40,391 (Shares) | 77,331,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 197 | 1,728,300 | 33,109,694 | 291,365 |
| MTSH | 00002 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 1,615 | 5,573,450 | 38,929,150 | 136,252 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 5 | 44,000 | 10,400,986 | 91,529 |
| FPB | 00004 | 1,900 | +50 | +2.70% | 1,850 | 1,900 | 1,850 | 15,521 | 28,716,850 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 159 | 453,150 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,750 | 1,700 | 782 | 1,329,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 197 | 679,650 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 24th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.09 | +1.29 | +0.31% | 408.04 | 411.09 | 407.51 | 18,476 | 38,525,300 | 8 | 775,382 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 23rd Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 40,391 (Shares) | 77,331,100 (MMK) |

| MYANPIX | 409.80 ▲ 0.96 |
|---|---|
| Total Volume (shares) | 40,391 |
| Total Value (MMK) | 77 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,952 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,800 | ▲ 100 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |